# သတ္တုတူးဖော်ရေးလုပ်ငန်းကိုစောင့်ကြည့်ခြင်း

ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးကဏ္ဍများအပေါ် ဒေသခံတို့၏ အတွေ့အကြုံနှင့် ဖွင့်ဟချက်များ မှတ်တမ်းပြု အစီရင်ခံစာ



မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်

၂၀၂၃ ဇွန်လ – မေ ၂၀၂၄

## မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက် (MMWN)

မြန်မာ့သတ္တုမိုင်းစောင့်ကြည့်ရေးကွန်ယက်သည် လူမှုရေးကွန်ယက်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် မြစ်ကြီးနားမြို့၌ တည်ထောင်ခဲ့သည်။ အစပိုင်းတွင် အဖွဲ့အစည်း ၁၁ ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ပြီး, ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် သတ္တုတူးဖော်ရေးဆိုင်ရာ စည်းရုံးလှုပ်ရှားမှုများအား ပံ့ပိုးကူညီခြင်း၊ တိုင်းရင်းသားလူမျိုးများအတွက် အရင်းအမြစ်များကို တန်းတူမျှတစွာ မျှဝေရေးနှင့် သင်ယူမှုများ ပြုလုပ်ရန် ပလက်ဖောင်းတစ်ခု ဖန်တီးပေးခြင်း ဖြစ်သည်။ ယခုအချိန်တွင် ကွန်ယက်အဖွဲ့သည် အဖွဲ့ဝင် ၁၃ ဖွဲ့အထိ တိုးချဲ့လာပြီး မြန်မာနိုင်ငံရှိ သတ္တုတူးဖော်ရေးဆိုင်ရာ လှုပ်ရှားမှုများကို

## ကျေးဇူးတင်လွှာ

အချက်အလက်စုဆောင်းခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းများနှင့် ငွေကြေးအရ ပံ့ပိုးပေးသော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီအား ကျွန်ုပ်တို့ အထူးကျေးဇူးတင် ကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူများ၏ အခွင့်အရေး များကို ကာကွယ်ထိန်းသိမ်းရန် ဤအရေးကြီးသည့် ပြဿနာကို မီးမောင်းထိုးပြနိုင်ရန် နှင့် စည်းရုံးလှုံ့ဆော်နိုင်ရန်အတွက် သင်တို့၏ ပံ့ပိုးကူညီမှုသည် အလွန်အရေးပါ ပါသည်။

## နိဒါန်း

မြန်မာ့သတ္တုတွင်းစောင့်ကြည့်ရေးကွန်ရက် (MMWN) သည် မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝဖူလုံရေး၊ ဂေဟစနစ်နှင့် လူ့အခွင့်အရေးများအပေါ် အထူးသဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ် (ကရင်နီပြည်နယ်) နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သတ္တုတူးဖော်မှု၏ ဆိုးရွားသော သက်ရောက်မှုများကို စောင့်ကြည့်လေ့လာနေသော ကွန်ရက်တစ်ခု ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုပြီးနောက်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းများသည် တိုင်းရင်းသားဒေသများတွင် လျင်မြန်စွာ တိုးချဲ့လာခဲ့ကာ ယခင်ကထက် ပိုမိုဆိုးရွားသည့်အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ အဆိုပါအခြေအနေများကို ရင်ဆိုင်တုံ့ပြန်ရာတွင် MMWN နှင့် ကွန်ရက်အဖွဲ့ဝင်များသည် သတ္တုမိုင်းတူးဖော်မှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို မှတ်တမ်းတင်ရန်အတွက် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ အချက်အလက်စုဆောင်းခြင်းလုပ်ငန်းကို တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ အလေးပေးလေ့လာသည့် မိုင်းတူးဖော်ရေးဧရိယာများမှာ ကချင်ပြည်နယ်ရှိ ဟူးကောင်းတောင်တန်းနှင့် ဖားကန့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ဟုမ္မလင်းမြို့နယ်နှင့် ကယားပြည်နယ်ရှိ မော်ချီးမြို့နယ်တို့ ဖြစ်သည်။ ဤအချက်အလက်စုဆောင်းရေးလုပ်ငန်းသည် MMWN အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖခေါင်းဆောင်များနှင့် မိုင်းလုပ်သားတို့၏ ပူးပေါင်းမှုဖြင့် အောင်မြင်စွာ စုဆောင်းနိုင်ခဲ့သည်။

ကျွန်ုပ်တို့၏ အချက်အလက်စုဆောင်းမှုမှ တွေ့ရှိချက်များအရ အာဏာသိမ်းပြီးနောက် ကာလတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများသည် လိုအပ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ခြင်း မရှိကြောင်း သိရှိရသည်။ စည်းကမ်းမဲ့သော သတ္တုတူးဖော်ရေးလုပ်ငန်းစဉ်များကြောင့် လူမှုရေးနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ဆိုးကျိုးများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုပြင်းထန်စွာ ဖြစ်ပေါ်လာခဲ့သည်။ ဌာနေတိုင်းရင်းသားများ၏ မြေယာနှင့် အခွင့်အရေးများကို ဆက်လက်ခြိမ်းခြောက်ခံနေစေသည့် အခြေအနေများသည် စနစ်တကျရှိသော ရေရှည်တည်တံ့မှုအပေါ် အခြေခံသည့် သတ္တုတူးဖော်ရေး လုပ်ဆောင်ချက်များ၏ အရေးပါမှုကို ထင်ရှားစွာ ဖော်ပြနေပါသည်။ ဤအစီရင်ခံစာတွင် MMWN သည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ စီးပွားရေးရင်းနှီးမြှုပ်နှံသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအတွက် အကြံပြုချက်အသေးစိတ်များကို တင်ပြထားပါသည်။ အဆိုပါအကြံပြုချက်များသည် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် လူထုပါဝင်မှုကို တိုးမြှင့်ပြီး သတ္တုတူးဖော်ရေးမှ ဖြစ်ပေါ်လာသော ဆိုးကျိုးများကို လျော့ပါးစေရန်နှင့် စနစ်တကျဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။

# Table of Contents

မာတိကာ

သတ္တုတူးဖော်ရေးလုပ်ငန်းကိုစောင့်ကြည့်ခြင်း - ကချင်ပြည်နယ်၊ ကရင်နီပြည်နယ် နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးကဏ္ဍများအပေါ် ဒေသခံတို့၏ အတွေ့အကြုံနှင့် ဖွင့်ဟချက်များ မှတ်တမ်းပြုအစီရင်ခံစာ" ..............................

နိဒါန်း ...... 1

ကျေးဇူးတင်လွှာ ...... 1

Table of Contents ...... 3

ကချင်ပြည်နယ်ဖားကန့်ကျောက်စိမ်းတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသည့်ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင် ဆိုင်ရာစိုးရိမ်မှုများအခြေအနေ။ ...... 4

၁. ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများ ...... 5

1.1 . အပူချိန်နှင့်ပတ်သက်သောဖျားနာမှုများ ...... 5

၂. သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ...... 5

၂.၁. သစ်တောပြုန်းတီးမှုနှင့်တောရိုင်းတိရစ္ဆာန်များမျိုးသုဉ်းခြင်း ...... 5

၃. ရေညစ်ညမ်းမှုနှင့်ရေရှားပါးမှုပြဿနာ ...... 7

၄. အမျိုးသမီးနှင့်ရေးရှားပါးမှုပြဿနာ ...... 8

၄.၁ အမျိုးသမီးများအပေါ်ဝန်ထုတ်ဝန်ပိုးတစ်ခုဖြစ်စေခြင်း ...... 8

၅. လူမှုစီးပွားဆိုင်ရာစိန်ခေါ်မှုများ ...... 9

၅.၁ သတ္တုမိုင်းတူးဖော်မှုအခွင့်အရေးများမျှတမှုမရှိခြင်း ...... 9

၅.၂ အတင်းအဓမ္မမြေယာရောင်းချခြင်းနှင့်စီးပွားအတွက်ရွှေ့ပြောင်းနေထိုင် ရခြင်း ...... 10

၆. အသက်မွေးဝမ်းကျောင်းအပေါ်ထိခိုက်မှု ...... 12

၇. ဘေးကင်းရေးနှင့်စိုးရိမ်မှုများ ...... 13

၇.၁. မြေပြိုမှုနှင့်မြေတွင်းပြိုကျမှုအန္တရာယ်များ ...... 13

၈. လမ်းအန္တရာယ်နှင့်ပတ်သက်သောပြဿနာများ ...... 13

၉. ဗမာစစ်တပ်၏လူသားဒိုင်းအသုံးပြုမှုများ ...... 15

၁၀. တရုတ်ဖောက်သည်များ၏စီးပွားရေးသက်ရောက်မှုများ ...... 15

၁၀.၁ ပြိုင်ဆိုင်မှုတိုးမြင့်လာခြင်းနှင့်ဈေးကွက်ဖျက်စီးမှု ...... 15

၁၀.၂ ခေတ်ပေါ်ငွေပေးချေမှုစနစ်နှင့်ဈေးကွက်ရရှိမှု ...... 16

၁၁. လူမှုရေးနှင့်စီးပွားရေးမညီမျှမှုများ ........ 17

၁၁.၁ အဂတိလိုက်စားမှုနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း ........ 17

၁၂. မိုင်းတူးဖော်ရေးတွင်ကျားမမညီမျှမှုနှင့်ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ........ 18

၁၂.၁ လုံခြုံမှုမရှိသောလုပ်ငန်းခွင်အခြေအနေများ ........ 18

၁၃. ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ အခန်းကဏ္ဍ ........ 19

၁၃.၁ ညှိနှိုင်းဖျန်ဖြေရေးနှင့်ပဋိပက္ခဖြေရှင်းရေး ........ 19

ဟူးကောင်းတောင်ကြားရှိကချင်ပြည်နယ်ရွှေတူးဖော်ရေး ........ 21

နိဒါန်း ........ 21

၁. စီးပွားရေးအပေါ်သက်ရောက်မှုများ ........ 22

၂. သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ ........ 22

လူမှုရေးအပေါ်သက်ရောက်မှုများ ........ 23

၃. အကောက်အခွန်နှင့်လက်နက်ကိုင်အဖွဲ့မှထိန်းချုပ်ထားမှု ........ 24

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေတူးဖော်ရေး လုပ်ငန်းများ နှင့် လူမှုစီးပွားအပေါ် ထိခိုက်မှုအခြေအနေ ........ 25

၁. အာဏာသိမ်းအလွန် ဖြစ်ပေါ်သောပြောင်းလဲမှုများ ........ 26

၂. မြေယာပိုင်ဆိုင်မှုနှင့်အခွန်ကောက်ခံမှု ........ 27

၃. လူမှုစီးပွားအပေါ်သက်ရောက်မှုများ ........ 27

မော်ချီးမိုင်းတွင်းသတ္တုတူးဖော်မှု၏အကျိုးသက်ရောက်မှု အခြေအနေ ........ 30

နိဒါန်း ........ 30

သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ........ 31

လူမှုဘဝနှင့်စီးပွားရေးအပေါ်သက်ရောက်မှု ........ 31

ယဉ်ကျေးမှုအမွေအနှစ်အပေါ်သက်ရောက်မှု ........ 33

အုပ်ချုပ်ရေးနှင့်ပဋိပက္ခ ........ 34

အကြံပြုတိုက်တွန်းချက်များ ........ 35

# ကချင်ပြည်နယ်ဖားကန့်ကျောက်စိမ်းတူးဖော်မှုကြောင့်ဖြစ်ပေါ်လာသည့်ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်မှုများအခြေအနေ။



*ပုံ ၁ - တွင်းတူးစက်နှင့် ထရပ်ကားများစသည့် အကြီးစားစက်များဖြင့်တူးဖော်နေပုံ*

## ၁. ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများ

### 1.1 . အပူချိန်နှင့်ပတ်သက်သောဖျားနာမှုများ

ကျောက်စိမ်းတူးဖော်မှုနှင့် ရာသီဥတုအခြေအနေများ၏ ပြောင်းလဲမှုကြောင့် ဒေသခံပြည်သူများနှင့် သတ္တုတွင်းလုပ်သားများ၏ ကျန်းမာရေးကို အလွန်ဆိုးရွားစွာ ထိခိုက်မှုရှိနေပါသည်။ အပူချိန်မြင့်တက်လာခြင်းကြောင့် မိုင်းတွင်းလုပ်သားများ၏ အလုပ်ချိန်ကို တစ်နေ့လျှင် ၈ နာရီမှ ၅ နာရီအထိ လျှော့ချလိုက်ရပြီး အပူဖြတ်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးတိုးခြင်း၊ အသက်ကြီးသည့် အလုပ်သမားများ မူးလဲခြင်း စသည့် ကျန်းမာရေးပြဿနာများစွာကို ဖြစ်စေပြီး အလုပ်လုပ်ခြင်း၌ ပိုမိုခက်ခဲလာစေပါသည်။

ကျောက်စိမ်းတူးသမားတစ်ဦး၏ ပြောပြချက်အရ “မိုးရွာရင် မိုးအရမ်းရွာတယ်၊ ပူရင်လဲ အရမ်းပူတယ်။ နေ့လည်ခင်းဆိုရင် နေပူအောက် ကျွန်တော်တို့ အလုပ်မလုပ်နိုင်ကြဘူး။ တခါတလေမှာဆိုရင် မိုးသီးတွေကျပြီး စိုက်ခင်းတွေ အားလုံးကို ပျက်စီးစေသည်။ ဒီဘေးဒဏ်ကြောင့် ကျွန်တော်တို့ရဲ့ ပိုက်ဆံတွေကို ဆုံးရှုံးရပါတယ်” ဟုဆိုသည်။

*ရာသီအလိုက် ဖျားနာမှုများ*

မိုးတွင်းကာလအတွင်း ရပ်ရွာလူထုသည် တုပ်ကွေးရောဂါဖြစ်ပွားမှုကို ပိုများစေပါသည်။ ဆေးရုံများသည် ဝေးလံခေါင်ဖျားသော နေရာများတွင် တည်ရှိသောကြောင့် လူထု၏ အခြေအနေကို ပိုဆိုးရွားစေပါသည်။ ရွာသားများသည် ဆေးဝါးကုသရန် ခရီးဝေးသွားရခြင်းကြောင့် အချို့သောလူနာများသည် ဆေးရုံသို့ သွားရာလမ်းတွင် ကွယ်လွန်သွားခြင်းကဲ့သို့ ကြေကွဲဖွယ် ဖြစ်ရပ်များကို ဖြစ်စေနိုင်သည်။

## ၂. သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ

### ၂.၁. သစ်တောပြုန်းတီးမှုနှင့်တောရိုင်းတိရစ္ဆာန်များမျိုးသုဥ်းခြင်း

ကျောက်စိမ်းတူးဖော်ခြင်းသည် သစ်တောပြုန်းတီးမှု နှင့် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းစေပြီး သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ပျက်စီးစေခဲ့သည်။ တစ်ချိန်က ဤနေရာသည် သစ်ပင်များနှင့် တောရိုင်းတိရိစ္ဆာန်များ ပေါကြွယ်ဝခဲ့သည့်နေရာဖြစ်ခဲ့ပြီး ယခုအခါ ကျောက်စိမ်းတူးဖော်မှု၏ သက်ရောက်မှုကြောင့် မြေရိုင်းအဖြစ်သို့ပြောင်းလဲ သွားစေခဲ့သည်။

"တိရစ္ဆာန်တွေ မျိုးသုဉ်းသွားပြီး[1]. အိမ်မွေးခွေးတွေပဲ ကျန်တော့မယ်ထင်တယ်။ သစ်ပင်တွေ၊ အပင်တွေ၊ ချုံပုတ်တွေ မရှိတော့ဘူး။ အဲဒီသစ်ပင်တွေကို မှီခိုရတဲ့ တိရစ္ဆာန်တွေ မရှိတော့ပါဘူး။ ငှက်ကလေးတွေ တေးဆိုသံတွေ မကြားရတော့ဘူး။ တောရိုင်းတွေ၊ တိရိစ္ဆာန်တွေ မျိုးသုဉ်းသွားပါပြီး။" ဟု ဒေသခံတစ်ဦးက ညည်းတွားပြောဆိုသည်။



*ပုံ ၂ - မိုင်းတွင်းဧရိယာရှိ ကုမ္ပဏီတစ်ခု တူးဖော်နေပုံ*

## ၃. ရေညစ်ညမ်းမှုနှင့်ရေရှားပါးမှုပြဿနာ

သတ္တုတူးဖော်ရေးလုပ်ငန်းများသည် ရေအရင်းအမြစ်များကို ညစ်ညမ်းစေပြီး သန့်ရှင်းနေသော ချောင်းရေကို ကော်ဖီရောင်ကဲ့သို့သော ညစ်ညမ်းရေအဖြစ်ပြောင်းလဲစေခဲ့သည်။ ဤရေညစ်ညမ်းမှုကြောင့် ရွာသားများအတွက် သောက်သုံးရေရရှိရန် ခက်ခဲမှုဖြစ်စေပါသည်။ ရေဝယ်ရန် မတတ်နိုင်သောသူများသည် ရေရရှိရန် ခရီးဝေးသွားပြီး ရေသွားခက်ယူကြရသည်။ ဤသဘာဝပတ်ဝန်းကျင်ပျက်စီးမှုသည် အထူးသဖြင့် နွေရာသီတွင် ရေတွင်းများခက်ခြောက်ပြီး ရေရှားပါးမှုပြဿနာများကို ဖျက်ဖျက်ခွင်းခွင်းကြုံလာရသည်။

ဤအခြေအနေကို ဒေသခံတစ်ဦးက ထောက်ပြပြောဆိုပုံမှာ -

"ရွာရဲ့ရေရှားမှုက ကုမ္ပဏီတွေရဲ့ မဆင်မခြင် မိုင်းတူးဖော်မှုတွေကြောင့် ဖြစ်ရတယ်။ တစ်ချိန်က ဒီမြေတွေက မြေဩဇာကောင်းတဲ့ မြေတွေ ဖြစ်ခဲ့တယ် ခုတော့ ရေကန်တွေအဖြစ် ပြောင်းလဲသွားခဲ့တယ်။ ဒီဂေဟစနစ်ပျက်စီးမှုက ရွာသားတွေရဲ့ မရှိမဖြစ်လိုအပ်တဲ့ ရေအရင်းအမြစ်တွေကို ဆုံးရှုံးရုံသာမကပဲ ရေကြီးမှုပြဿနာနှင့် တခြား အသက်မွေးဝမ်းကျောင်းများကိုပါ ခြိမ်းခြောက်မှုအန္တရာယ်ကို ဆိုးဝါးစေပါတယ်။"




*ပုံ ၃ - အိမ်သုံးအတွက် ဖြန့်ဖြူးရန် ရေတိုင်ကီ*

# ၄. အမျိုးသမီးနှင့်ရေးရှားပါးမှုပြဿနာ

## ၄.၁ အမျိုးသမီးများအပေါ်ဝန်ထုတ်ဝန်ပိုးတစ်ခုဖြစ်စေခြင်း

သန့်ရှင်းသောရေရှားပါးမှုသည် အိမ်ထောင်စုအတွင်း ရေစုဆောင်းခြင်းအတွက် အဓိက တာဝန်ယူနေရသော အမျိုးသမီးများအတွက် သက်ရောက်မှုကြီးမားစွာ ဖြစ်စေပါသည်။ အမျိုးသမီးများသည် ရေရရှိရန် ခရီးဝေးကို မကြာခဏ လမ်းလျှောက်သွားရသည့်အတွက် အချိန်ကုန်ပြီး လူပင်ပန်းစေပါသည်။ ဤအလုပ်သည် အမျိုးသမီးတို့၏ နေ့စဉ်ဖြတ်သန်းမှုကို ပိုပြီး ဝန်ထုတ်ဝန်ပိုး ပိုဖြစ်စေကာ ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်စေပြီး အခြားသောမလုပ်မဖြစ် လုပ်ဆောင်ရသော အလုပ်အတွက်လည်း အချိန်ကန့်သတ်မှုကို ဖြစ်စေပါသည်။

ဒေသခံအမျိုးတစ်ဦးက သူမ၏ ကြုံတွေ့နေရသော စိတ်ခေါ်မှုများကို မျှဝေထားပါသည် -

"ကျမတို့ ရေတွေခန်းသွားလို့ ရေသွားခက်ဖို့ ခရီးအဝေးကြီးကို သွားရပါတယ် ကျမတို့အတွက် အားအင်ကုန်ပြီး အချိန်လည်းအများကြီးကုန်စေပါတယ်။ ချက်ပြုတ်ဖို့နဲ့ သန့်ရှင်းရေးအတွက် ရေအလုံအလောက်ရရှိဖို့ကို တခါတလေ ရေသွားခက်ဖို့ အကြိမ်ရေများစွာ အသွားအပြန်လုပ်ရလေ့ရှိ သည်။



*ပုံ ၄ - သောက်ရေကန် အဝါရောင်အဖြစ် ပြောင်းလဲသွားပုံ*

# ၅. လူမှုစီးပွားဆိုင်ရာစိန်ခေါ်မှုများ

## ၅.၁ သတ္တုမိုင်းတူးဖော်မှုအခွင့်အရေးများမျှတမှုမရှိခြင်း

**သတ္တုမိုင်းတူးဖော်မှုအခွင့်အရေးများမျှတမှုမရှိခြင်း**

ဒေသခံမိုင်းလုပ်သားတစ်ဦးက စိတ်ပျက်အားငယ်စွာဖြင့် ထုတ်ဖော်ပြောပြသည်မှာ “ကျွန်တော်တို့အနေနဲ့ ဘယ်သူ့ဆီကမှ အထောက်အပံ့ မရခဲ့ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်ပဲ ကိုယ့်ကိုယ်ကို ကူညီနေရပါတယ်။ အခုတော့ KIA က ပေ၁၀၀ ရှိသည့် မိုင်းတွင်းများကို မိုင်းလုပ်ခွင့်များကို မျှဝေပေးနေပါတယ် ရတဲ့သူလည်းရ မရသူလည်းမရဘူး။ Slang Kaba နဲ့နီးစပ်တဲ့လူဆိုရင် ရတယ် သူတို့နဲ့နီးစပ်တဲ့လူတွေ မဟုတ်ရင် ဒီအခွင့်အရေးကို ရဖို့မလွယ်ဘူး”

## ၅.၂ အတင်းအဓမ္မမြေယာရောင်းချခြင်းနှင့်စီးပွားအတွက်ရွှေ့ပြောင်းနေထိုင် ရခြင်း

ရွာသားတစ်ဦးက သူ၏အတွေ့အကြုံအကြောင်း ပြောပြသည်မှာ "အိမ်ပြောင်းရမယ်ဆိုတာ လွယ်ကူတဲ့အလုပ်မဟုတ်ပါဘူး။ ကျွန်တော်တို့အိမ်ကို အရင်ဆုံး ဖြိုချရပါလိမ့်မယ်။ သူတို့ပေးတဲ့လျော်ကြေးနဲ့ အိမ်အသစ်ဆောက်တာ၊ မြေနေရာဝယ်တာဆိုတာ မလုံလောက်ပါဘူး။ ဒါကြောင့် စွန့်ပစ်မြေနေရာမှာသာ ဝယ်ယူပြီး အိမ်ဟောင်းက ပစ္စည်းတွေနဲ့ပဲ ပြန်လည်ဆောက်ရပါတယ်။ ကျွန်တော်တို့မြေကို အတင်းရောင်းခဲ့ရသလို၊ မရောင်းဘူးဆိုရင်လည်း သူတို့က မိုင်းတူးဖို့ လာဖြိုချမှာပဲ"

## ၆. အသက်မွေးဝမ်းကျောင်းအပေါ်ထိခိုက်မှု

ကျောက်စိမ်းတိုးချဲ့တူးဖော်မှုကြောင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်စေပြီး၊ ရွာသားများသည် မြေဩဇာကောင်းသော မြေယာများဆုံးရှုံးသည့်အတွက် မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးကို စွန့်လွှတ်ကြရသည်။ လယ်ယာစိုက်ပျိုးရေးကို စွန့်လွှတ်ပြီးနောက် သူတို့သည် ကျောက်စိမ်းတူးဖော်ခြင်းအလုပ်သို့ ပြောင်းရွှေ့လုပ်ကိုင်ကြရသည်။ အများအားဖြင့် အန္တရာယ်များသော အလုပ်ခွင်အခြေအနေများတွင် လုပ်ကိုင်နေကြရသည်။

ဒေသခံတစ်ဦးက သူ၏ အတွေ့အကြုံကို မှတ်ချက်ပြုပါသည် "ကျွန်ုပ်တို့ ရွာတစ်ရွာလုံးမှာ ဆေးခန်းတစ်ခုပဲရှိတယ်၊ ဆေးဝါးလည်း အကန့်အသတ်နဲ့ပဲရရှိပါတယ် ကျွန်တော်တို့အတွက် ဒီဆေးခန်းတစ်ခုပဲ သွားကုတယ် မြို့နဲ့လည်းဝေးတယ်။ ကျွန်တော်တို့နေရာမှာတော့ ရွှေတူးဖော်တဲ့နေရာဆိုတော့ ကျောက်စိမ်းနဲ့ကျောက်တူးဖော်ရေးတွေပဲလုပ်ကိုင်ကြတယ်။ တချိန်လုံး ကျောက်စိမ်းမတွေ့ရတဲ့အခါမျိုးမှာဆို တခါတလေ လက်သမားအလုပ်လဲ လုပ်ရပါတယ်။"

# ၇. ဘေးကင်းရေးနှင့်စိုးရိမ်မှုများ

## ၇.၁. မြေပြိုမှုနှင့်မြေတွင်းပြိုကျမှုအန္တရာယ်များ

မကြာခဏ မြေပြိုကျခြင်းနှင့် မိုင်းတွင်းပြိုကျခြင်းတို့ကြောင့် ကျောက်စိမ်းတူးဖော်သည့် မိုင်းတွင်း နေရာများ၏ ဘေးကင်းလုံခြုံရေးသည် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သည်။ ၂၀၂၃ခုနှစ်တွင် မနရွှေတူးဖော်သည့်နေရာတွင် မြေပြိုမှုကြောင့် လူခြောက်ဦးသေဆုံးခဲ့ပြီး မိုင်းတွင်းလုပ်သားများ ရင်ဆိုင်ကြုံတွေ့နေရသော အန္တရာယ်ကို မီးမောင်းထိုးဖော်ပြလိုက်ပါသည်။

ဒေသခံတစ်ဦးက အန္တရာယ်အကြောင်းကို အလေးအထားပြောပြသည်မှာ "ရှာသားတွေနဲ့ ကလေးတွေရဲ့လုံခြုံရေးနှင့်ပတ်သတ်ပြီးတော့ ကလေးတွေ ရေချိုးချိန်အတွင်း မိုင်းတွင်းဟောင်းထဲ ပြုတ်ကျနိုင်တဲ့ အတွက် တရွာလုံးက စိတ်ပူနေရတယ်။ ကလေးတွေ တော်တော်များများ ပြုတ်ကျပြီး မိုင်းတွင်းကွဲအပ် တဲ့အခါ လူရာနဲ့ချီ သေဆုံးခဲ့တာရှိတယ်။"



*ပုံ ၅ - မိုင်းတူးဖော်သည့်နေရာများသည် လူနေရပ်ကွက်များထိ ကျူးကျော်လာကာ ဒေသခံလူထုအတွက် ကျန်းမာရေးနှင့် ဘေး အန္တရာယ်များ တိုးလာစေသည်။*

ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းတွင်း ပြိုကျမှုကြောင့် သေဆုံးသူ ၁၀၄ ဦးအထိ တိုးလာကြောင်း ဤ၀မ်းနည်းဖွယ်ဖြစ်ရပ်သည် ၎င်းဒေသတွင် ကျောက်စိမ်းတူးဖော်မှုနှင့် ဆက်စပ်သော အန္တရာယ်များကို မီးမောင်းထိုးပြနေပြီး၊ အန္တရာယ်များသည့် အခြေအနေနှင့် မကြာခဏ မြေပြိုမှုကြောင့် နာမည်ဆိုးထွက်နေသော နေရာလည်းဖြစ်သည်။ (The Irrawaddy).

မြန်မာနိုင်ငံတွင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းသည် အန္တရာယ်ရှိသော အခြေအနေများနှင့် ပြည့်နှက်နေပြီး မကြာခဏ မြေပြိုမှုများနှင့် အသက်ဆုံးရှုံးမှုများ သိသိသာသာ ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ မြေပြိုမှုနှင့် မိုင်းတွင်းမတော်တဆမှုများကြောင့် သေဆုံးသူဦးရေမှာ အနည်းဆုံး ၂၄၅ဦးထိရှိပြီး အမှန်တကယ် အရေအတွက်မှာ ပိုများနိုင်ပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ကံခါကျေးရွာ၌ မတော်တဆဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၁၃ ဦး သေဆုံးခဲ့ပြီး အခြားအလုပ်သမား ၁၀၀ ခန့်က ပျောက်ဆုံးကာ သေဆုံးသွားသည်ဟု ယူဆရပါသည်။ (Open Jade Data).



*ပုံ ၆ - သတ္တုတွင်းဧရိယာရှိ ဟိုက်ဒရောလစ်ရေစုပ်စက် နှင့် တူးဖော်ရေးစက်များကို အသုံးပြု၍ ကျောက်စိမ်းရှာဖွေနေကြပုံ*

## ၈. လမ်းအန္တရာယ်နှင့်ပတ်သက်သောပြဿနာများ

ရွာ၏လမ်းအခြေအနေများသည် ဆိုးရွားနေပြီး အကြီးစားမိုင်းတူး စက်ကိရိယာများကြောင့် ရွာလမ်းများသည် ပို၍အန္တရာယ်များလာစေပါသည်။ လမ်းများမှ ဖုန်မှုန့်များသည် အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပေါ်စေနိုင်ပြီး ယာဉ်နှင့် လမ်းသွားလမ်းလာမတော်တဆဖြစ်ပွားမှု သည် ပုံမှန်အဖြစ် ဖြစ်လာနေသည်။

၎င်းအခြေအနေကို ဒေသခံတစ်ဦးက အောက်ပါအတိုင်း ပြောပြထားပါသည် -

"လမ်းအခြေအနေက အရမ်းဆိုးလွန်းတယ် အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအတွက် ကတော့ မလုံခြုံဘူး။ မနှစ်ကလမ်းအခြေအနေမကောင်းတဲ့အတွက်ကြောင့် ကိုယ်ဝန်ဖျက်ကျ သွားရတဲ့ သူလည်းရှိတယ်။ ဒီလမ်းက ကျောင်းသွားမယ့် ကလေးတွေအတွက်လည်း ပြဿနာရှိ နေပါတယ်။"



ပုံ ၇ - ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကြောင့် ရွာလမ်းပျက်စီးသွားပုံ



ပုံ ၈ - ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကြောင့် ရွာလမ်းပျက်စီးသွားပုံ



ပုံ ၉ - ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကြောင့် ရွာလမ်းပျက်စီးသွားပုံ

# ၉. ဗမာစစ်တပ်၏လူသားဒိုင်းအသုံးပြုမှုများ

ဖားကန့်တွင် ဗမာစစ်တပ် ရှိနေခြင်းသည် ဒေသခံရွာသားများအတွက် လုံခြုံရေးကို ပို၍ စိုးရိမ်မှု ဖြစ်စေသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သည့် မတော်တဆဖြစ်ရပ်များတွင် စစ်တပ်သည် ဒေသခံများကို ကေအိုင်အေ၏တိုက်ခိုက်မှုမှ ကာကွယ်ရန် ရွာသားများကို လူးသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ၎င်းတို့၏ ဤအလေ့အကျင့်သည် အပြစ်မဲ့ပြည်သူများ၏ အသက်ကို အန္တရာယ်ရောက်စေပြီး ဒေသတွင်းရှိ တင်းမာနေသော အနေအခြေနှင့် အန္တရာယ်ကို ပိုဆိုးစေပါသည်။

ရွာသားတစ်ဦးမှ မကြာသေးမီက ဖြစ်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ပြန်ပြောပြချက်အရ “တခါတလေ ဗမာစစ်တပ်က ဒီရွာကို လာပြီး ကချင်ပြည်သူတွေကို PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့) ဆိုပြီး စွပ်စွဲကာ ဖမ်းဆီးသွားတယ်။ KIA ရဲ့ ပစ်ခတ်မှုမှကာကွယ်ဖို့အတွက် ဒီရွာသားတွေကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်။ လွန်ခဲ့တဲ့ ၃လလောက်က ဖြစ်ခဲ့တယ်။ ကုမ္ပဏီကတော့ ဗမာစစ်တပ်ကို အခွန်ပေးထားတဲ့အတွက်ကြောင့် ဒီနေရာမှာ မိုင်းတူးဖို့ ခွင့်ပြုချက်ရရှိထားတယ်” ဟု ပြောပြခဲ့ပါတယ်။

# ၁၀. တရုတ်ဖောက်သည်များ၏စီးပွားရေးသက်ရောက်မှုများ

## ၁၀.၁ ပြိုင်ဆိုင်မှုတိုးမြှင့်လာခြင်းနှင့်ဈေးကွက်ဖျက်စီးမှု

ဖားကန့်ကျောက်စိမ်းဈေးကွက်သို့ တရုတ်ဖောက်သည်များ ဝင်ရောက်လာမှုကြောင့် ပြည်တွင်း စီးပွားရေးအပေါ် သိသိသာသာသက်ရောက်မှုများ ဖြစ်စေပါသည်။ တရုတ်ဖောက်သည်များသည် ပြည်တွင်းဝယ်သူများထက် ဈေးပိုပေးလေ့ရှိပြီး ဈေးကွက်ပြိုင်ဆိုင်မှုကို မြင့်တက်စေကာ ပြည်တွင်းကျောက်စိမ်းကုန်သည်များအတွက် ၎င်းတို့၏ လုပ်ငန်းကို ဆက်လက်ထိန်းထားရန် အခက်အခဲဖြစ်စေပါသည်။ ရိုးရာအတိုင်း ကျောက်စိမ်းရောင်းဝယ်ရေးဈေးကွက်ကို အနှောက်အယှက်ဖြစ်စေပြီး ဒေသခံကုန်သည်များ ဈေးကွက်မှ ပယ်ကျဉ်ခံရစေပါသည်။

ဒေသခံကုန်သည်တစ်ဦးက ၎င်းအခြေအနေကို ရှင်းပြရာမှာ “တရုတ်တွေက ကျောက်စိမ်းကို ဈေးပိုပြီး ပေးဝယ်တယ်။ ရွာသားတွေ အချင်းချင်းဆို မရောင်းကြတော့ဘူး။ တရုတ်ကိုပဲ ရောင်းကြတယ်။ ကျောက်စိမ်းကုန်သည်တွေ ကျောက်စိမ်းရဖို့ ရှာရပိုခက်လာတယ်။ ဒေသခံကျောက်စိမ်းကုန်သည်တွေ စီးပွားရေးလုပ်ဖို့လည်း ပိုခက်ခဲလာတယ်။”

## ၁၀.၂ ခေတ်ပေါ်ငွေပေးချေမှုစနစ်နှင့်ဈေးကွက်ရရှိမှု

တရုတ်ဝယ်သူများသည် WeChat Pay ကဲ့သို့သော ခေတ်ပေါ်ငွေပေးချေမှုစနစ်များကို အသုံးပြုကြပြီး ငွေပေးချေမှုကို လျင်မြန်ထိရောက်စွာ လုပ်ဆောင်နိုင်ကြသည်။ ထိုနည်းပညာဆိုင်ရာ အားသာချက်က ၎င်းတို့အား တရုတ်ဈေးကွက်သို့ ကျောက်စိမ်းများကို တိုက်ရိုက်ရောင်းချနိုင်စေပြီး ရိုးရာအတိုင်း ငွေသားပေးချေမှုကိုသာ အားကိုးနေရသော ပြည်တွင်းကုန်သည်များကို ဘေးဖယ်ခံထားသဖွယ် ဖြစ်နေ ပါသည်။

ဒေသခံတစ်ဦးက ဈေးကွက်သက်ရောက်မှုနှင့်ပတ်သက်ပြီး ပြောပြထားသည်မှာ - "တရုတ်ကျောက်စိမ်းဝယ်သူတွေက WeChat ငွေပေးချေမှုစနစ်ကို သုံးတဲ့အတွက် ဖားကန့်ကနေ တရုတ်ဈေးကွက်ကို တိုက်ရိုက်ရောင်းချနိုင်ပါတယ်။ ကျောက်စိမ်းအရောင်းအဝယ်ကို တရားဝင်လား တရားမဝင်လားဆိုတာကို ဖော်ထုတ်ဖို့ခက်ခဲတယ်။ ကျောက်စိမ်းဈေးကွက်ကို ပြန်လည်ထိန်းညှိဖို့ ရှုပ်ထွေးစေပါသည်။" ဟု ပြောပြခဲ့သည်။



*ပုံ ၁၀ - စပျစ်ကူ ရွာသားများကို အတင်းအဓမ္မ ရွှေ့ပြောင်းပြီးနောက် လက်ရှိတွင် လုံခြုံမှုမရှိသောအိမ်ရာနှင့်နေရာတွင် နေ နေရသည်အခြေအနေ။*

# ၁၁. လူမှုရေးနှင့်စီးပွားရေးမညီမျှမှုများ

## ၁၁.၁ အဂတိလိုက်စားမှုနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းသည် အဂတိလိုက်စားမှုနှင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့မှုတို့ဖြင့် ရင်ဆိုင်နေရပါသည်။ ဒေသခံရွာသားတို့သည် မကြာခဏ အခွန်ပြေစာ မရရှိကြဘဲ မတရားအခွန်တိုးကောက်ခြင်းကိုလည်း ခံရလေ့ရှိသည်။ ထို့အပြင် မြေယာနှင့် မိုင်းတူးဖော်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် လုံလောက်သော လျော်ကြေးငွေ ပေးချေခြင်းလည်းမရှိပါ။ အခွန်မတရားကောက်ခံမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု မရှိခြင်းကြောင့် ရပ်ရွာအတွင်း ၎င်းတို့ကို ယုံကြည်မှုပိုပျက်ပြားလာစေပါသည်။

ဒေသခံ မိုင်းလုပ်သားတစ်ဦး၏ ပြောပြချက်အရ "မန္တလေးမှာ ပြန်ရောင်းသည်ဖြစ်စေ တရုတ်မှာ ပြန်ရောင်းသည် ဖြစ်စေ အခွန်ဆောင်ရမယ်။ တချို့လူတွေ အထူးသဖြင့် မြန်မာပြည်အောက်ပိုင်းက လူတွေ သူတို့ကျောက်ရောင်းပြီး အခွန်ရှောင်သွားတဲ့သူလည်းရှိတယ်။ အခွန်ရှောင်လိုက်ပြီးရင်တော့ ဖားကန့်ကို ပြန်လာလို့မရတော့ဘူး ပြန်လာခဲ့ရင်တော့ သေချာဖမ်းခံရမယ်။"



*ပုံ ၁၁ - ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းမှ အမှိုက်များကို တောင်စောင်းတွင် စွန့်ပစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု ဆိုးရွားစွာ ဖြစ်စေသည်။*

# ၁၂.မိုင်းတူးဖော်ရေးတွင်ကျားမမညီမျှမှုနှင့်ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း

## ၁၂.၁ လုံခြုံမှုမရှိသောလုပ်ငန်းခွင်အခြေအနေများ



*ပုံ ၁၂ - ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများကို နေ့စဉ်နှင့်အမျှ တိုးချဲ့လုပ်ကိုင်လာခြင်းကြောင့် တောင်တန်းရှုခင်းအလှများ တဖြည်းဖြည်း ပျောက်ကွယ်လာသည်။*

ကျောက်စိမ်းတူးဖော်သည့်မိုင်းတွင်းများနှင့် ဆက်စပ်သောလုပ်ငန်းများတွင် လုပ်ကိုင်နေသော အမျိုးသမီးများသည် မလုံခြုံသော လုပ်ငန်းခွင်အခြေအနေများနှင့် ကြုံတွေ့ရပြီး ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုနှင့် နှောင့်ယှက်မှုများကို မကြာခဏ ခံရလေ့ရှိသည်။ ကျားမရေးရာဆိုင်ရာ မူဝါဒများနှင့် အကာအကွယ်များ မရှိခြင်းကြောင့် အဆိုပါစိန်ခေါ်မှုများ ပိုမိုဆိုးရွားစေပြီး သတ္တုတွင်းကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသောအမျိုးသမီးများ၏ ဘေးကင်းရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အရေးတကြီး လိုအပ်နေကြောင်း ၎င်းအခြေအနေက သတိပေးချက်တစ်ရပ် မီးမောင်းထိုးပြနေပါသည်။

မြို့ခံတစ်ဦးက အဆိုပါပြဿနာကို ပြောပြထားပါသည် "ကျောက်စိမ်းတွင်း နှင့် လောင်းကစားဝိုင်းတွေမှာ အမျိုးသမီးများ ခေါင်းပုံဖြတ်ခံရခြင်းနှင့် နှောင့်ယှက်ခံနေရသော အခြေအနေများရှိပြီး ကျားမဆိုင်ရာ ထိခိုက်လွယ်သော မူဝါဒနှင့် လူ့အခွင့်အရေးကို ခိုင်မာစွာ ကျင့်သုံးရန် အရေးတကြီး လိုအပ်နေကြောင်း ဖော်ပြနေပါတယ်"

# ၁၃. ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ အခန်းကဏ္ဍ

## ၁၃.၁ ညှိနှိုင်းဖျန်ဖြေရေးနှင့်ပဋိပက္ခဖြေရှင်းရေး

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) သည် ကျောက်စိမ်းတူးဖော်မှုကြောင့် ပျက်စီးထိခိုက်မှုရှိသည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဖြစ်ပွားသော ပဋိပက္ခများကို ပြေလည်အောင် ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည်။ (KIA) သည် ဘက်ပေါင်းစုံမှ ပါဝင်မှုရှိပြီး ပဋိပက္ခဖြစ်ပွားရာဒေသများကို စနစ်ကျသော ချဉ်းကပ်မှုဖြင့် ဖြေရှင်းပေးပါသည်။ မြေယာပဋိပက္ခနှင့်ဆိုင်သော ကိစ္စများတွင် ရွာသားတို့သည် ၎င်းတို့၏ မြေယာများကို ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီများထံ အတင်းရောင်းစားခံရသောကြောင့် KIA ထံ အကူအညီတောင်းဆိုကြသည်။ KIA သည် ၎င်းအခြေအနေကို အကဲဖြတ်ဆန်းစစ်ပြီး နှစ်ဘက် ညှိနှိုင်းကာ လျော်ကြေးငွေ ကျပ်သိန်း ၃၀၀ မှ သိန်း ၅၀၀ အထိ သတ်မှတ်ပေးသည်။ KIA သည် ဖြေရှင်းချက်ကူညီဆောင်ရွက်ပေးရာတွင် သဘောတူထားသည့် စည်းကမ်းချက်များကို လိုက်နာမှု ရှိစေရန် ကြီးကြပ်ပြီး ရွာသားများကို ကတိပေးထားသော လျော်ကြေးငွေရရှိရန် နှင့် နေရာပြောင်းရွှေ့မှုအတွက် အထောက်အပံ့များ ရရှိစေရန် ကြီးကြပ်ပေးသည်။ ထို့အပြင် မြေယာရောင်းပြီး နောက်ပိုင်းအခြေအနေကို လည်း စောင့်ကြည့်ပေးလျက်ရှိသည်။

အိမ်ထောင်ရေးနှင့် အိမ်တွင်းရေး ပြဿနာများအတွက် ရွာသားများသည် KIA ထံတိုင်ကြားကြသည်။ KIA သည် ပဋိပက္ခများကို အကဲဖြတ်ဆန်းစစ်ပြီး နှစ်ဘက်အဖွဲ့ကြား ဆွေးနွေးညှိနှိုင်းမှုများနှင့် နှစ်သိမ့်ဆွေးနွေးမှုများပေးကာ ပြေလည်အောင် ဖြေရှင်းပေးသည်။ ၎င်းတို့သည် နှစ်ဖက်စလုံးမှ နှစ်ဦးနှစ်ဘက် လက်ခံနိုင်သော သဘောတူညီချက်တစ်ခု ရရှိရန် ကူညီပေးပြီး လိုက်နာမှု ရှိစေရန် နောက်ဆက်တွဲနှင့် လိုအပ်ပါက နောက်ထပ် အကူအညီများ ပေးဆောင်ရန် ကူညီမှုပေးပါသည်။ မကျေနပ်ချက်များနှင့် မတရားမှုများကို ဖြေရှင်းရာတွင် KIA သည် ရွာသားများထံမှ အသေးစိတ် အစီရင်ခံစာများကို စုဆောင်းကာ စေ့စေ့စပ်စပ် စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ပြီး အထောက်အထား စာရွက်စာတမ်းများ ရွာသားများကို ကိုယ်စားပြုကာ ကုမ္ပဏီများ၊ အာဏာပိုင်များနှင့် ညှိနှိုင်းကာ မျှတသော လျော်ကြေးငွေနှင့် ဖော်ထုတ်အရေးယူမှုများ ပြုလုပ်ပေးပါသည်။ KIA သည် မိုင်းတူးဖော်သည့် နေရာများတွင် ဘေးကင်းရေးအခြေအနေများကို အကဲဖြတ်ကာ ဘေးကင်းရေး အစီအစဉ်များကို လှုံ့ဆော်ပေးပြီး မိုင်းတွင်းမတော်တဆမှုကြောင့် သေဆုံးသူများနှင့် ၎င်းတို့၏မိသားစုများအတွက် မျှတသော လျော်ကြေးငွေများ ရရှိရန် ညှိနှိုင်းပေးခြင်းဖြင့် KIA သည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ အကျိုးသက်ရောက်မှုကို စီမံခန့်ခွဲမှုများ ပြုလုပ်ပါသည်။

ထိခိုက်ခံစားရသော မိသားစုများအတွက် နှစ်သိမ့်မှုနှင့် ငွေကြေးအကူအညီများ အပါအဝင် ပံ့ပိုးမှုများ ကူညီပေးပါသည်။ အထူးသဖြင့် လောင်းကစားဝိုင်းများနှင့် ကျောက်စိမ်းတွင်းများရှိ အမျိုးသမီးများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းနှင့် အကြမ်းဖက်ခြင်းများကို ရင်ဆိုင်ဖြေရှင်းရာတွင် KIA သည် သတင်းပို့သည့်လမ်းကြောင်းကို တည်ဆောက်ထားကာ ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးပြီး ထိခိုက်ခံရမည့်သူကို အကာအကွယ်ပေးပါသည်။

KIA ၏ ပဋိပက္ခဖြေရှင်းရေး ယန္တရားသည် ရှုပ်ထွေးသည့်ပြဿနာများကို အဆင့်ဆင့်ဖြေရှင်းနိုင်စေရန် ရည်ရွယ်ထားသည်။ အောက်ခြေအဆင့်တွင် ပဋိပက္ခများကို ဖျန်ဖြေရန် အရင်ဦးဆုံး ကျေးရွာအုပ်စု KIA ၏ ပံ့ပိုးမှုရရှိထားသော အုပ်ချုပ်ရေးမှူး (Ning Htawn) သို့ ဦးစွာ သွားရပါသည်။ ကျေးရွာအဆင့်တွင် ဖြေရှင်းမရသော ပဋိပက္ခများကို KIA မြို့နယ်အာဏာပိုင်က ထပ်မံဖျန်ဖြေပေးရန်အတွက် မြို့နယ်အဆင့် (Ginwang Daw) သို့ သွားရပါသည်။ ဖြေရှင်းမရနိုင်သော ပဋိပက္ခများကို ခရိုင်အဆင့် (Ginwang) သို့ ခေါ်ဆောင်သွားရမည်ဖြစ်ပြီး ခရိုင်အဆင့်တွင် မဖြေလည်သေးပါက အပြီးသတ်ဖြေရှင်းရန်အတွက် KIA ဌာနချုပ် လိုင်ဇာ (GinJaw) သို့ နောက်ဆုံးသွားရမည်ဖြစ်ပါသည်။ KIA ၏ ညှိနှိုင်းဖျန်ဖြေရေးနှင့် ပဋိပက္ခဖြေရှင်းရေးတွင် စနစ်တကျချဉ်းကပ်မှုသည် ဖားကန့်ကျောက်စိမ်းတူးဖော်ရေး အတိုင်းအဝိုင်းအတွင်း တည်ငြိမ် အေးချမ်းရေးအတွက် အရေးကြီးပါသည်။ မြေယာအငြင်းပွားမှုပြဿနာများ၊ ကိုယ်ရေးကိုယ်တာ ပြဿနာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ နှင့် ထိခိုက်လွယ်သောလူအုပ်စုတို့ကို အကာအကွယ်ပေးခြင်း စသဖြင့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် KIA သည် ရှာသားများ၏ အကျိုးစီးပွားကို စဉ်းစားကာ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းမှ အင်အားကြီးအုပ်စုကြား ဟန်ချက်ညီစေရန် ကြိုးပမ်းပေးပါသည်။

# ဟူးကောင်းတောင်ကြားရှိကချင်ပြည်နယ်ရွှေတူးဖော်ရေး

## နိဒါန်း

ကချင်ပြည်နယ်ရှိ ဟူးကောင်းတောင်ကြား၏ ရွှေတူးဖော်ရေးလုပ်ငန်းသည် ယခင်နှစ်များအတွင်း သိသိသာသာ ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ရိုးရာနည်းလမ်းဖြင့် တူးဖော်မှုမှ စက်ပစ္စည်းအသုံးပြုသောနည်းလမ်းသို့ ပြောင်းလဲတူးဖော်မှုကြောင့် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးအခင်းအကျင်းများကို ပြောင်းလဲသွားစေခဲ့ပါသည်။ ဤအစီရင်ခံစာသည် ဝရာဇွတ်ကျေးရွာ၊ ဆာချီမော်၊ လှော်ဒ်ဒါပါ၊ အောင်လေန်း နှင့် အခြားဒေသများရှိ ရွှေတူးဖော်ရေးဒေသများတွင် ဖြစ်ပေါ်နေသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ နှင့် လူမှုရေးဆိုင်ရာပြဿနာများ စသည့်နယ်ပယ်အသီးသီးတို့ကို လေ့လာစုစည်းထားသော အစီရင်ခံစာတစ်ခုဖြစ်ပါသည်။




*ပုံ ၁၃ - အောင်လေန်းမော်ရွှေတူးဖော်သည့်နေရာတွင် မြေတူးစက်များ နေရာချထားပုံ*

## ၁. စီးပွားရေးအပေါ်သက်ရောက်မှုများ

ဝရာဇွတ်ကျေးရွာတွင် ရွှေတူးဖော်ရေးကို ၂၀၀၀ ခုနှစ်အထိ ရိုးရာနည်းလမ်းဖြင့် အသုံးပြုခဲ့ပါသည်။ ထို့အပြင် နောက်ပိုင်းတွင် စက်ကိရိယာများ အသုံးပြု၍ ရွှေတူးဖော်မှုက ပိုမိုလွှမ်းမိုးလာကာ ၂၀၀၉-၂၀၁၀ ခုနှစ်ဝန်းကျင်တွင် စက်ယန္တရားကြီးများကို စတင်မိတ်ဆက်ခဲ့သည်။ ဆာချီမော်၊ လှော်ဒ်ဒါပါ နှင့် အောင်လေးန်း ကဲ့သို့ အခြားသောဒေသများတွင်လည်း ဤအပြောင်းအလဲကို တွေ့မြင်ရသည်။ ဤတိုးတက်မှုကြောင့် ဒေသခံများအတွက် အခွင့်အလမ်းများအပြင် စိန်ခေါ်မှုများလည်း ပေါ်ပေါက်လာခဲ့သည်။

စီးပွားရေးဆိုင်ရာအနေဖြင့် မိုင်းတူးဖော်ရေးလုပ်ငန်းသည် ဒေသခံနှင့် ရွှေ့ပြောင်းအလုပ်သမား များအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သော်လည်း မိရိုးဖလာစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပျောက်ကွယ်စေပြီး မြေယာနှင့် သယံဇာတ ပဋိပက္ခများကို ဖြစ်ပေါ်စေပါသည်။

## ၂. သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ

စက်ယန္တရားသုံး၍ ရွှေတူးဖော်ခြင်းက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသလို သတ္တုမိုင်း တိုးချဲ့တူးဖော်မှုများကြောင့် သစ်တောပြုန်းတီးမှုများဖြစ်ပေါ်ကာ အပူချိန်မြင့်တက်လာခြင်း၊ ရာသီဥတုပုံစံများ ပြောင်းလဲလာသဖြင့် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်စေသည်။ အဆိုပါဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများသည် ထိခိုက်မှုများကြောင့် များစွာဒုက္ခရောက်ပြီး တောရိုင်းတိရစ္ဆာန်နှင့် ငါးမျိုးကွဲများတို့သည် သိသိသာသာ ပြတ်ရှားပျောက်ကွယ်သွားသော အခြေအနေများကို ရင်ဆိုင်နေရသည်။



*ပုံ ၁၄ - လှောဒ်ဒန်ပါ ရွှေတွင်းတွင် ရွှေထုတ်ယူတူးဖော်နေသည့် မြင်ကွင်း*

## လူမှုရေးအပေါ်သက်ရောက်မှုများ

မိုင်းတူးဖော်ရေးသည် လူမှုရေးအပေါ်သက်ရောက်မှုသည် သိသိသာသာ ထိခိုက်မှုရှိစေပါသည်။ ကေအိုင်အေ၊ မြန်မာစစ်တပ်နှင့် အခြားသော ပြည့်သူ့စစ်အဖွဲ့များကြား မကြာခဏ တိုက်ပွဲများ ဖြစ်ပွားနေသဖြင့် ဒေသခံတို့အတွက် လုံခြုံရေးစိုးရိမ်ချက်များ တိုးလာစေပါသည်။ ဥပမာအာဖြင့် ၈၁ ရွှေတူးဖော်ရေးဧရိယာကဲ့သို့သော နယ်မြေများတွင် လက်နက်ကိုင်အဖွဲ့များ၏ လုပ်ရှားမှု နှင့် မြေတူးစက် တစ်လုံးလျှင် ငွေကျပ်သိန်း ၁၀၀ အခွန်ကောက်ခံခြင်းတို့ကြောင့် ၎င်းဧရိယာ၏ ရှုပ်ထွေးမှုပိုများစေပြီး မတည်ငြိမ်သော အခြေအနေများလည်း မကြာခဏ ထပ်မံဖြစ်ပေါ်စေပါသည်။



*ပုံ ၁၅ - ဆိမ်ဆပါရွှေတွင်းတွင် ရွှေတူးဖော်ခြင်းလုပ်ငန်း လုပ်ဆောင်နေပုံ*

## ၃. အကောက်အခွန်နှင့်လက်နက်ကိုင်အဖွဲ့မှထိန်းချုပ်ထားမှု

လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှု အထူးသဖြင့် ကေအိုင်အေအဖွဲ့မှ ထိန်းချုပ်ထားမှုနှင့် အခွန်အမျိုးမျိုးကောက်ခံမှုများကြောင့် ဒေသအတွင်းအခြေအနေကို ပိုမိုရှုပ်ထွေးစေပါသည်။ ဤဒေသတွင် အခွန်ကောက်သည့်ပုံစံသည် အမျိုးမျိုးကွဲပြားမှုရှိပြီး စက်ကိရိယာနှင့်ပစ္စည်းများအပေါ် ကောက်ခံသည့်အခွန်သည် များပြားပြီး ဤနေရာတွင် လုပ်ငန်းလည်ပတ်မှုအတွက် လစဉ်ကြေးများကို လည်းပေးဆောင်ရသည်။ ဥပမာ - မိုးကောင်းချောင်းတွင် ကားတစ်စီးလျှင် အခွန် ကျပ် ၃ သိန်း၊ လစဉ်ကြေးအနေဖြင့် တစ်လကို ကျပ် ၅ သိန်း နှင့် ဘီးခွန်အနေဖြင့် ကျပ်သိန်း ၁၀၀ ပေးရသည်။ ထို့အပြင် ဤမိုင်းတွင်းဧရိယာတွင် မြေဈေးနှုန်းများမှာ တစ်ကေလျှင် ၂၅ သိန်း မှ ၃၅ သိန်းအထိ ရှိနိုင်သည်။

# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေတူးဖော်ရေးလုပ်ငန်းများနှင့် လူမှုစီးပွားအပေါ် ထိခိုက်မှုအခြေအနေ

## ၁. အာဏာသိမ်းအလွန် ဖြစ်ပေါ်သောပြောင်းလဲမှုများ

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ အာဏာသိမ်းချိန်မှစ၍ ရွှေတူးဖော်မှုလုပ်ငန်းများအပေါ် သိသိသာသာ ထိခိုက်စေပါသည်။ ခေါင့်ငုံးကျေးရွာတွင် မစုလှိုင်နှင့် ကိုမျိုးကျော် ကုမ္ပဏီတို့သည် ရှမ်းနီလက်နက်ကိုင်အဖွဲ့နှင့် ပူးပေါင်း၍ လုပ်ငန်းလည်ပတ်လျှက်ရှိသည်။ အဆိုပါဒေသတွင် ရွှေတူးဖော်ခြင်းအတွက် ပေးရသည့် အခမှာ မြေအရွယ်အစားနှင့် စက်ယန္တရားအပေါ်မူတည်ပြီး ကျပ်သိန်း ၃၀၀ မှ ၁,၀၀၀ အထိ ပေးရသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် ရွှေတူးဖော်ရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုရှိနေပါသည်။




*ပုံ ၁၆ - ခေါင့်ငုံးကျေးရွာ ဧရိယာရှိ စုပ်ယူထားသော သောင်တူးကို အသုံးပြု၍ ပစ္စည်းကို ရေထိန်းထဲသို့ ထည့်ပြီး သတ္တုတူးဖော်ခြင်းလုပ်ငန်း မြင်ကွင်းတခုပုံ*



*ပုံ ၁၇ - ခေါင်ငုံးကျေးရွာတွင် ရွှေတူးဖော်ရေး ကုမ္ပဏီတစ်ခု၏ စခန်းနေရာသည် ရွှေတူးဖော်ခြင်း နှင့် ထုတ်ယူခြင်းလုပ်ငန်းစဉ် လုပ်ဆောင်သည့်နေရာဖြစ်ပြီး မိုင်းတွင်းလုပ်သားများ နှင့် ဝန်ထမ်းများ အခြေချရာနေရာ မြင်တွေ့ရပုံ။*

## ၂. မြေယာပိုင်ဆိုင်မှုနှင့်အခွန်ကောက်ခံမှု

လောင်ဖောင်ကျေးရွာတွင် ဦးဒွေဘ နှင့် ဦးစောနိုင်ထွန်းတို့သည် ရွှေသိုက်များပိုင်ဆိုင်ထားကြပြီး ရှမ်းနီတပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရှမ်းနီလက်နက်ကိုင်အဖွဲ့သည် အကြီးစား လုပ်ငန်းအတွက် ကျပ်ငွေသိန်း ၃၀၀ မှ ၁,၀၀၀ အထိ အခွန်ကောက်ခံပြီး အသေးစားလုပ်ငန်းကို ကျပ်သိန်း ၃၀ အခွန်ကောက်ခံပါသည်။ အလားတူပင် ထိန်ကုန်းကျေးရွာတွင် ရေကန်များကို ရွှေတူးဖော်သည့် ကုမ္ပဏီကို ရောင်းချပြီး ၎င်းပိုင်ရှင်များသည် ရှမ်းနီလက်နက်ကိုင်အဖွဲ့နှင့် ပူးပေါင်းမှု ပြုလုပ်ကြသည်။ ဤရွာတွင် သောင်တူးလုပ်ငန်းအတွက် အခွန်ခ ကျပ်သိန်း ၃၀ ကောက်ခံပါသည်။



*ပုံ ၁၈ - ထိန်ကုန်းကျေးရွာဧရိယာရှိ ရွှေတူးဖော်ခြင်းလုပ်ငန်းသည် အနီးပတ်ဝန်းကျင်မြေနေရာများတွင် ရွှေတူးဖော်ခြင်း နှင့် ရွှေထုတ်ယူခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သည့် နေရာကို မြင်ရပုံ။*

## ၃. လူမှုစီးပွားအပေါ်သက်ရောက်မှုများ

ပညာရေး

- သာယာကုန်းကျေးရွာတွင် စာသင်ကျောင်းမရှိသည့်အတွက်ကြောင့် ထန်မသီစံပြကျေးရွာတွင် လူငယ်နှစ်ဦးသာ ကျောင်းတက်ကြသည်။
- ထိန်ကုန်းကျေးရွာတွင် အသက် ၁၄ နှစ်မှ ၂၀အတွင်းလူငယ် ၂၀ရာခိုင်နှုန်းခန့်သာ ကျောင်းတက် ကြသည်။
- နိုင်ငံရေးမတည်ငြိမ်မှုကြောင့် မန်လီကျေးရွာမှ အသက် ၂၀ မှ ၂၅နှစ်ကြား လူငယ်များအတွက် ပညာရေးကို ရပ်တန့်စေပြီး ၄၀ရာခိုင်နှုန်းသည် နိုင်ငံခြားတွင် အလုပ်သွားရောက် လုပ်ကိုင် ကြသည်။

အလုပ်အကိုင်

- သာယာကုန်းကျေးရွာတွင် နေ့စားအလုပ်သမားများသည် လုပ်အားခ ကျပ် ၅၀,၀၀၀ မှ ၁၀၀,၀၀၀ ကြား ရရှိကြပြီး အခြားရွာမှ လူငယ်များ ရွှေတွင်းသို့ လာရောက်လုပ်ကိုင်ကြသည်။
- ထိန်ကုန်းကျေးရွာတွင် လူငယ်အယောက် ၃၀ခန့်သည် ကျေးရွာတွင်သာ အလုပ်လုပ်ကြပြီး အများစုမှာ လယ်လုပ်ငန်း (သို့မဟုတ်) မိုင်းတူးဖော်ရေးတွင် လုပ်ကိုင်ကြသည်။ အမျိုးသမီးများသည် မိုင်းတွင်းနှင့် လောင်းကစား ကဏ္ဍနှစ်ခုစလုံးတွင် လုပ်ကိုင်ကြပြီး လစဉ် ဝင်ငွေသည် ၂၀၀,၀၀၀ကျပ် အထက် ရရှိကြသည်။
- မန်လီကျေးရွာတွင် အမျိုးသမီးများသည မိုင်းတွင်းလုပ်ငန်းတွင် နေ့စဉ်လုပ်အားခ ၅,၀၀၀ ကျပ်မှ ရရှိကြပြီး အချို့အတွက် လစဉ်လုပ်အားခ ကျပ် ၂၀၀,၀၀၀ ထက်မပိုကြပေ။



*ပုံ ၁၉ - လောင်ဖောင်ကျေးရွာရှိ ရွှေတူးဖော်သည့်နေရာသည် မြေကြီးမှ အဖိုးတန်ရွှေသိုက်များ တူးဖော်ခြင်း နှင့် ထုတ်ယူခြင်းလုပ်ငန်း လုပ်ဆောင်ရာနေရာကို မြင်တွေ့ရပုံ*

ဝင်ငွေနှင့်လူမှုရေးပြဿနာများ

- သာယာကုန်းကျေးရွာတွင် ရွာသားတို့၏ စီးပွားရေးသည် လယ်ယာလုပ်ကိုင်ခြင်းမှ မိုင်းတူး လုပ်သားအဖြစ် ပြောင်းလဲလာကာ မိရိုးဖလာ လုပ်ကိုင်လာကြသည့် အသက်မွေးဝမ်းကျောင်း ကို ပြောင်းလဲစေခဲ့သည်။
- မန်လီကျေးရွာတွင် မူးယစ်ဆေးသမားအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ဆေးသမားတဦးလျှင် ၅၀၀,၀၀၀ ကျပ် (ဒေါ်လာဖြင့် ၂၃၈ ဒေါ်လာခန့်ကျမည်) ကောက်ယူပါသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်ထည်ဖော်ပြီးနောက် မူးယစ်ဆေးဝါးသုံးစွဲသူများ ဆက်လက်သုံးစွဲပါက ဖမ်းဆီးမှုခံရပါမည်။
- လောင်ဖောင်ကျေးရွာတွင် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ပါက ရှမ်းနီလက်နက်ကိုင် အဖွဲ့အား အခွန်ပေးဆောင်ရပြီး စျေးဆိုင်ပိုင်ရှင်များသည် လစဉ်ကြေး ၂၀၀,၀၀၀ ကျပ် (ဒေါ်လာဖြင့် ၉၅ဒေါ်လာခန့်) ပေးဆောင်ရသည်။

ကျန်းမာရေးနှင့် လူမှုရေးပြဿနာများ

- မန်လီကျေးရွာတွင် အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှု မရှိပေ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည် ဟုမ္မလင်းမြို့နယ်သို့ သွားရသည်။ ကျေးရွာအတွင်းတွင် လိင်ပိုင်းဆိုင်နှောင့်ယှက်မှုနှင့်ပတ်သက်သော သတင်းများမကြားရသော်လည်း စစ်ဆေးရေး ဂိတ်များတွင် ပြည်သူ့စစ်များမှ နှုတ်ဖြင့် စော်ကားနှောင့်ယှက်မှုများရှိနေပါသည်။




*ပုံ ၂၀ - သာယာကုန်းကျေးရွာတွင် ဟိုက်ဒရောလစ် သတ္တုတူးဖော်ရေးနည်းလမ်းကို အသုံးပြု၍ ရွှေတူးဖော်ကြပြီး ရွှေထည် ပစ္စည်းများကို ဖယ်ရှားရန် နှင့် သယ်ယူရာတွင် ရေကိုအသုံးပြုသည့် အစွမ်းထက်နည်းပညာအသုံးပြုပုံကို တွေ့ရသည်။*

# မော်ချီးမိုင်းတွင်းသတ္တုတူးဖော်မှု၏အကျိုးသက်ရောက်မှု အခြေအနေ

## နိဒါန်း

ကရင်နီပြည်နယ် ဖားဆောင်းမြို့နယ် ဘောလခဲခရိုင်ရှိ မော်ချီးမိုင်းသည် တိုင်းရင်းသားလူမျိုးများ၏ နေရပ်ဖြစ်ပြီး ပကူ (ကရင်) လူမျိုးတို့၏ ဌာနေလည်းဖြစ်သည်။ အချိန်နှင့်အမျှ ကရင်နီပြည်နယ်မှ ပရဲ့ နှင့် မနော အပါအဝင် အခြားတိုင်းရင်းသားလူမျိုးများနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ လာသောလူများသည် သတ္တုမိုင်းတူးဖော်ရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အဆိုပါဒေသတွင် အခြေချနေထိုင်လာခဲ့ကြသည်။ ရွာသားများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ အဖြိုက်နက် နှင့် ခဲမဖြူ တူးဖော်ခြင်းနှင့် ဖာလာစိုက်ခင်းများစိုက်ပျိုးခြင်းဖြင့် လုပ်ကိုင်ကြသည်။ သို့သော် သတ္တုတူးဖော်ရေးလုပ်ငန်းများသည် ဒေသ၏ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုဘဝအပေါ် သိသိသာသာ ထိခိုက်စေခဲ့ပြီး ရပ်ရွာအတွက် စိန်ခေါ်မှုအမျိုးမျိုးကို ဖြစ်ပေါ်စေခဲ့သည်။

မော်ချီးတွင် သတ္တုတူးဖော်ခြင်းသည် ၁၉၅၆ ခုနှစ် ဝန်းကျင်ကတည်းက စတင်ခဲ့ပြီး အစဦးတွင် ဒေသခံရွာသားတို့သည် သတ္တုတူးဖော်မှုကို မိရိုးဖလာနည်းလမ်းဖြင့် တူးဖော်လုပ်ကိုင်လာခဲ့ကြသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ အခြားဒေသမှ စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းဒေသတွင် ရင်းနှီးမြှုပ်နှံမှု စပြုလုပ်လာပြီး မြေယာများကို ရွာသားဆီမှ ဝယ်ယူကာ အချို့ရွာသားကိုပါ အစုရှယ်ယာရှင်အဖြစ် ပြောင်းလဲပေးစေခဲ့ပါသည်။ ယခင်စစ်အစိုးရနှင့် ဦးသိန်းစိန်အစိုးရသက်တမ်းအပါအဝင် အစိုးရအုပ်ချုပ်ရေးအဆက်ဆက်တွင် ရဲထွန်းတင် နှင့် အခြားအမည်မသိ တရုတ်ရင်းနှီးမြှုပ်နှံသူများ အပါအဝင် ကုမ္ပဏီ အများအပြားသည် ဤဒေသတွင် လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်များ ရရှိခဲ့ကြသည်။ ၎င်းလုပ်ငန်းတို့ကို ကာကွယ်ရန် စစ်တပ်က တပ်ဖြန့်ထားပြီး ဒေသခံများ၏ လယ်ယာမြေများကို မကြာခဏ သိမ်းယူခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပဋိပက္ခများ ပြင်းထန်လာခြင်းကြောင့် စစ်တပ်နေထိုင်မှု လျော့နည်းသွားသော်လည်း သတ္တုတူးဖော်ခြင်းမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နှင့် လူမှုဘဝအပေါ်သက်ရောက်မှုများမှာ ဆက်လက်ရှိနေပါသည်။

# သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှု

သတ္တုမိုင်းတူးဖော်ရေးလုပ်ငန်းများသည် ဒေသခံသဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ပျက်စီးစေပြီး အဖြိုက်နက်နှင့် သံဖြူများကို ဆေးကြောရန် ရေအသုံးပြုခြင်းကြောင့် မိုလိုချောင်းအတွင်းသို့ ညစ်ညမ်းသော ရေများစီးဆင်းသွားခြင်းကြောင့် ၎င်းရေကို သောက်သုံးရန်နှင့် အိမ်သုံးရန်အတွက် မသင့်လျော်ပေ။ သစ်တောများ ဖျက်ဆီးခံရခြင်းကြောင့် ယဉ်ကျေးမှု အမွေအနှစ်နေရာများနှင့် အထွက်အမြတ်ထားရာ နေရာများလည်း ဆုံးရှုံးလိုက်ရသည်။





သတ္တုတူးဖော်ရေး လုပ်များကြောင့် ရေစီးကြောင်း သိသိသာသာ ညစ်ညမ်းလာသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများမှ စီးဆင်းလာသော ရေသည် စမ်းချောင်းသို့ တိုက်ရိုက် စီးဆင်းကာ ရေအရည် အသွေး ထိခိုက်စေပြီး ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေပါသည်။ သတ္တုတူးဖော်ခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အကျိုးဆက်များအနေဖြင့် စမ်းချောင်းအတွင်း ရေများညစ်ညမ်း သွားသည့် သက်သေကို တွေ့ရှိရသည်။



မိုင်းတွင်းမှ ထွက်လာပြီးလျှင် မိုင်းလုပ်သားတို့သည် သတ္တုရိုင်းများကို သပ်သပ်ရပ်ရပ် စုပုံကာ အိတ်တစ်ခုစီဖြင့် ဂရုတစိုက်ထုပ်ပိုးကာ သယ်ယူရန်အတွက် စီစဉ်ပေးကာ မှောင်မည်းနေသော မြေအောက်မှ အထက်လေထုဆီသို့ အိတ်အထုပ်များကို ရွှေ့ကြသည်။

သတ္တုမိုင်းတူးဖော်မှု၏ အကျိုးအမြတ်သည် ရင်းနှီးမြှုပ်နှံသူကိုသာ မျက်နှာသာပေးပြီး ရွာသားတို့သည် လယ်မြေများဆုံးရှုံးရပြီး လုံလောက်လျော်ကြေးငွေ မရရှိဘဲ မိုင်းတွင်းမှ အကျိုးအမြတ်အနည်းငယ်သာ ခံစားရရှိသည်။ ဖဝရာခိုင်နှုန်းသော ရွာသားတို့၏ အသက်မွေးဝမ်းကျောင်းသည် သတ္တုမိုင်းတူးဖော်ခြင်း လုပ်ကိုင်သော်လည်း ဒေသခံလူထုတို့ကို ဆင်းရဲနွမ်းပါးစေပြီး ထိခိုက်နစ်နာမှုကိုသာ ရရှိစေပါသည်။ အသေးစား သတ္တုမိုင်းတွင်းပိုင်ရှင်များသည် ပုံမှန်အားဖြင့် အဖြိုက်နက် နှင့် သံဖြူကို ပွဲစားထံရောင်းပြီး ၎င်းပွဲစားမှတဆင့် တရုတ်စီးပွားရေးသမားထံ ဆက်လက်ရောင်းချကြသည်။ ထို့နောက် အဖြိုက်နက်နှင့် သံဖြူကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပါသည်။ အရည်အသွေးမြင့် အဖြိုက်နက်နှင့် သံဖြူ၏ ဈေးကွက်ပေါက်ဈေးမှာ အရည်အသွေးပေါ်မူတည်၍ တစ်ပိဿလျှင် ၅၀,၀၀၀ ကျပ်မှ ၆၅,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာဆိုလျှင် ၂၄မှ၃၁ဒေါ်လာခန့်) ရှိသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကဲ့သို့သော ပြည်တွင်းအဖွဲ့အစည်းများသည် အဆိုပါ လုပ်ငန်းများမှ အခွန်ကောက်ခံပါသည်။ အသေးစား သတ္တုမိုင်းတွင်းပိုင်ရှင်ကို နှစ်စဉ် ၁၀၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာဆိုလျှင် ၄၈ ဒေါ်လာခန့်) ပေးဆောင်ရပြီး ကုမ္ပဏီအကြီးစားများသည် သတ္တုတွင်းထုတ်လုပ်သည့်ပမာဏအပေါ်မူတည်ပြီး အခွန်ပေးဆောင်ရပါသည်။

# ယဉ်ကျေးမှုအမွေအနှစ်အပေါ်သက်ရောက်မှု

သတ္တုမိုင်းတူးဖော်ခြင်းလုပ်ငန်းသည် ရွာသားများအတွက် အရေးပါသော ရိုးရာအမွေအနှစ်နေရာများ လိုပွေးကိုးတောင်ကဲ့သို့သော အထွက်အမြတ်ဖြစ်သော နေရာများကို ဖျက်ဆီးမှုများ ဖြစ်စေပါသည်။ ၎င်းအထွက်အမြတ်ရှိရာနေရာ အနီးတဝိုက်တွင် အကာအကွယ်ပေးထားသသည့် ဧရိယာများ ပျက်စီးသွားသဖြင့် ဒေသခံပြည်သူများအနေဖြင့် စိတ်ဒုက္ခဖြစ်စေပါသည်။



*ပုံ ၂၃ - လိုခါးလိုကျေးရွာမှ လိုပွားခို ခေါ် ပေါင်မုန့်တောင်တန်းမြင်ကွင်းပုံ*

# အုပ်ချုပ်ရေးနှင့်ပဋိပက္ခ

သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် စနစ်တကျ စည်းမျဉ်းစည်းကမ်း နှင့် အကာအကွယ်ပေးသည့် မူဝါဒများ မရှိခြင်းကြောင့် ရပ်ရွာအတွင်း မကြာခဏ မတော်တဆဖြစ်ပွားမှုများ၊ မငြင်းပွားမှုများ နှင့် ပဋိပက္ခများကို ဖြစ်ပေါ်စေသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ကရင်နီအမျိုးသားညီညွတ်ရေးအဖွဲ့ (KNSO) တို့က ပဋိပက္ခများ ဖြေရှင်းရာတွင် အရေးပါသော တာဝန်ယူမှုများ လုပ်ဆောင်နေသော်လည်း စိန်ခေါ်မှုများ ဆက်ရှိနေဆဲဖြစ်သည်။ အငြင်းပွားမှုများမှာ သိမ်းဆည်းလယ်ယာမြေများအတွက် လုံလောက်သော လျော်ကြေးမရရှိခြင်း၊ စွန့်ပစ်အမှိုက်များကို စနစ်တကျမရှိခြင်း နှင့် သတ္တုတူးဖော်ရေးကုမ္ပဏီများမှ ဒေသခံတို့၏ လယ်မြေများပေါ်တွင် ကျူးကျော်ဝင်ရောက်မှု ကဲ့သို့သော အချက်များကြောင့် အငြင်းပွားမှုမျိုးဖြစ်ကြသည်။

# အကြံပြုတိုက်တွန်းချက်များ

မြန်မာနိုင်ငံတွေ ခေတ်အဆက်ဆက်အစိုးရက သဘာဝသယံဇာတစီမံခန့်ခွဲမှုအားနည်းခြင်းအပြင် ဥပဒေများ၊ နည်းဥပဒေများ အားနည်းခြင်းကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ ဆိုးဝါးစွာ ယနေ့ ထိတိုင် ထိခိုက်ပျက်စီးခံနေရသည်။ သဘာဝပတ်ဝန်းကျင်နှင့်ဆန့်ကျင်ပြီး သယံဇာတ အလွန်အကျွံ ထုတ်ယူ သုံးစွဲခြင်းကို ဟန့်တားနိုင်ရန်အနာဂတ်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်း လာအောင် ထိန်းသိမ်းမှုပိုမိုအားကောင်းလာရန် Myanmar Mining Watch Network (MMWN) အနေဖြင့် မြေပြင် တွေ့ရှိချက်နှင့် ဒေသခံများ၏ အသံများမေးမြန်းစုစည်းမှုပေါ် အခြေခံပြီး အောက်ပါအကြံပြုချက်ကို သက်ဆိုင်ရာ အစုအဖွဲ့ (Stakeholders) များထံသို့ အကြံပြုလိုက်ပါသည်။

၁) သတ္တုတူးဖော်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်း/ကုမ္ပဏီများအနေဖြင့် မြန်မာ့သတ္တုတွင်း ဥပဒေ နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများကိုတိတိကျကျလိုက်နာရန်၊ ဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်း ဆန်းစစ်လေ့လာခြင်းဆိုင်ရာ Environmental Impact Assessment (EIA), Social Impact assessment (SIA) ကို လေးစားလိုက်နာအကောင်ထည်ဖော်ရန်။

၂) ရေရှည်တည်တံ့သော သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာစနစ် အားကောင်း လာစေရန် ကြားကာလ၊ အသွင်ကူးပြောင်းသည့်ကာလ၊ တည်ဆောက်ရေးကာလများတွင် သော်လည်ကောင်း၊ ဒေသန္တရအုပ်ချုပ်ရေးယန္တရားများ အကောင်အထည်ဖော်ရာတွင် ဒေသခံမှ လေးစားအားထားရပြီး တာဝန်ခံမှုတာဝန်ယူမှုရှိသော ခေါင်းဆောင်များကို ရွေးချယ်ခန့် ထားရန်။

၃) ဖက်ဒရယ်ထောင်စုတည်ဆောက်လာချိန်တွင် ပြည်ထောင်စုအဆင့်၊ ပြည်နယ် နှင့်တိုင်းဒေသအဆင့်တွင် ပြည်သူလူထုကို အကာအကွယ်ပေးသော သဘာဝသယံဇာတ စီမံခန့်ခွဲမှုမူဝါဒများကို ထည့်သွင်းရေးဆွဲသွားရန်နှင့် အရင်းမြစ်ထုတ်ယူသုံးစွဲရာတွင်သော် လည်ကောင်း၊ စီမံခန့်ခွဲရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများအခွင့်အရေး ဆိုင်ရာ ကြေငြာစာတမ်း( UNDRIP) ၊ Free, Prior and Informed consent(FPIC) အခွင့်အရေးဆိုင်ရာ များနှင့်အညီ လုပ်ဆောင်ရန်။

၄) သက်ဆိုင်ရာနယ်မြေဒေသအလိုက် လက်နက်ကိုင် အဖွဲ့အစည်းများ နှင့်ခေါင်းဆောင်များ အနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော စည်းမျဉ်းစည်းကမ်းများ နှင့် စောင့်ကြည့်ရေးယန္တရားကို အရပ်ဖက်အဖွဲ့အစည်းလူထုများနှင့် အတူအကောင်အထည်ဖော်ရန် နှင့် နိုင်ငံရေးမတည်ငြိမ် ကာလတွင် သဘာဝသယံဇာတအလွန့်အကျွံတူးဖော်ခြင်းများကို ရပ်တန့်ထားရန်။

၅) အထိန်းအကွပ်မဲ့ သတ္တုအလွန်အကျွံ တူးဖော်ခြင်း၏နောက်ဆက်တွဲ လူမှုရေးဆိုင်ရာ ဆိုးကျိုးများကြောင့် ယခင်ကထက် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မျိုးစုံ ပိုမိုရင်ဆိုင်ကြုံတွေ့နေရခြင်းကြောင့် ၎င်းအမျိုးသမီးများအား အကာအကွယ်ပေးနိုင်သည့် ယန္တရားဖော်ဆောင်ပေးရန်။